Washington Apple Health

# Apple Health (Medicaid) ပရီမီယံကြေးများ

- ပရီမီယံကြေး ပေးချေမှုအား လိုအပ်သည့် Apple Health အစီအစဉ်များမှာ –
- Apple Health for Kids with Premiums ပရီမီယံကြေးများနှင့်အတူ ကလေးများအတွက် Apple Health (CHIP ဟူ၍လည်း လူသိများသည်)
- Apple Health for Worker with Disabilities မသန်စွမ်း အလုပ်သမားများအတွက် Apple Health (HWD)

ပရီမီယံကြေး ပေးချေမှုအား လိုအပ်သည့် Apple Health ပရိုဂရမ် အစီအစဉ်တစ်ခုအတွက် သင် ထောက်ခံခွင့်ပြုချက် ရပြီးသည့်အခါတွင် ပရီမီယံကြေး ပမာဏ နှင့် မည်သို့ ပေးချေရမည်ဖြစ်ကြောင်း အချက်အလက်များကို ဖော်ပြထားသည့် လစဉ် စာရင်းရှင်းတမ်းတစ်စောင်အား ငွေကြေး ပြန်လည်ဖော်ဆောင်မှု ရုံးခန်း (OFR) မှ သင့်ထံသို့ စာတိုက်ပေးပို့ပေးသွားမည် ဖြစ်သည်။

## ကျွန်ုပ်၏ Apple Health ပရီမီယံကြေးအား အွန်လိုင်းမှတစ်ဆင့် ကျွန်ုပ် မည်သို့ ပေးချေရမည်နည်း။

အွန်လိုင်းပေါ်ရှိ **Secure Access Washington (SAW)** ၌သော်လည်းကောင်း သို့မဟုတ် စာတိုက်မှတစ်ဆင့်သော်လည်းကောင်း ပရီမီယံကြေး ပေးချေမှုများအား သင် ပြုလုပ်နိုင်ပါသည်။ ဤအချိန်၌မူ ဖုန်းမှတစ်ဆင့် ငွေပေးချေသည့် ရွေးချယ်စရာနည်းလမ်းအား မရရှိနိုင်သေးပါ။ အွန်လိုင်း ငွေပေးချေမှုအား မပြုလုပ်ခင်တွင် SAW **အသုံးပြုသူ အကောင့်တစ်ခုအား ဖန်တီးရမည်** ဖြစ်ပြီး၊ သင်၏ ဝန်ဆောင်မှုများ စာရင်းအတွင်းသို့ DSHS အတွက် ငွေပေးချေမှု ဝန်ဆောင်မှုများအား ပေါင်းထည့်ပေးရမည် ဖြစ်သည်။

**အဆင့် တစ် – သင်၏ SAW အကောင့်အတွင်းသို့ စာရင်းသွင်းဝင်ရောက်ပြီးသည့်နောက် Add a New Service (ဝန်ဆောင်မှု အသစ်အား ပေါင်းထည့်ရန်) အား ရွေးချယ်ပါ။**

**အဆင့် နှစ် – I would like to browse a list of services by name (ဝန်ဆောင်မှုများ၏ နာမည်ဖြင့် ဝန်ဆောင်မှု စာရင်းအား ကျွန်ုပ် ရှာဖွေလိုပါသည်) အား ရွေးချယ်ပါ။**

**အဆင့် သုံး – Payment Services (ငွေပေးချေမှု ဝန်ဆောင်မှုများ) တပ်ဘ်အား၏ ညာဘက်အောက်ခြေရှိ Apply (အသုံးပြုမည်) အား ရွေးချယ်ပါ။**

**အဆင့် လေး – Medical Premium Payments (ဆေးဘက်ဆိုင်ရာ ပရီမီယံကြေး ပေးချေမှုများ) အပိုင်းအောက်မှ ရွေးချယ်စရာများအား ကြည့်ရှု၍ ရွေးချယ်ပါ။**

**Medical Premium Payments (ဆေးဘက်ဆိုင်ရာ ပရီမီယံကြေး ပေးချေမှုများ) အပိုင်းအောက်တွင် ပေးချေမှုများအား သင် တင်သွင်းနိုင်သည်၊ အချက်ပြသတိပေးမှုများအား သင် သတ်မှတ်နိုင်သည်၊ ထို့ပြင် ဘဏ်/ဆက်သွယ်လိပ်စာ အချက်အလက်များအား မွမ်းမံပြင်ဆင်နိုင်ပါသည်။**

## SAW အကောင့်များနှင့်ပတ်သက်၍ ကျွန်ုပ် မည်သို့ အကူအညီ ရယူနိုင်မည်နည်း။

- သင်၏ SAW အသုံးပြုသူ အကောင့်တစ်ခုအား ဖန်တီးရန်အတွက် အကူအညီရယူလိုလျှင် 1-855-928-3241 သို့ ခေါ်ဆို၍ SAW သို့ ဆက်သွယ်ပါ။
- SAW တွင် သင်၏ ငွေပေးချေမှုအကောင့်အား သတ်မှတ်ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ အကူအညီရယူလိုပါကမူ ငွေကြေး ပြန်လည်ဖော်ဆောင်မှု ရုံးခန်း (Office of Financial Recovery) ထံ 1-800-562-6114 သို့ ခေါ်ဆို၍ 1 အား ရွေးချယ်ပါ။ သင် ဤသို့ ဖုန်းခေါ်ဆိုမှုပြုချိန်၌ သင်၏ ငွေစာရင်းရှင်းတမ်းအား အနီးတွင် အသင့်ပြင်ဆင်ထားပါ။

## အွန်လိုင်းငွေပေးချေမှုသည် ကျွန်ုပ်၏ တစ်ခုတည်းသော ရွေးချယ်စရာ ဖြစ်ပါသလား။

- သင့် ပေးချေမှုအား စာတိုက်မှတစ်ဆင့် ပြုလုပ်မည်ဆိုလျှင် သင့် ပေးချေမှုနှင့်အတူ အမည်၊ မွေးနေ့ရက်စွဲ နှင့် အမှုသည် ID နံပါတ်တို့အား ထည့်သွင်းဖော်ပြထားကြောင်း သေချာအောင် ဆောင်ရွက်ပါ။

သင်၏ ပေးချေမှုအား အောက်ပါလိပ်စာသို့ ပေးပို့ပါ –

DSHS Office of Financial Recovery<br>
PO Box 9501<br>
Olympia, WA 98507-9501

## အကယ်၍ ပရီမီယံကြေး ပေးချေဖို့ ကျွန်ုပ် ပျက်ကွက်ခဲ့လျှင် မည်သို့ ဖြစ်လာမည်နည်း။

အောက်ဖော်ပြပါကာလများအပြီး ပရီမီယံကြေးများ ပေးချေမှု မရှိသေးလျှင် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ရပ်စဲကောင်း ရပ်စဲပေမည် –

- Apple Health for Kids with Premiums (CHIP) အတွက် ရက်ပေါင်း 90 ကြာပြီးသည့်နောက်
- Apple Health for Workers with Disabilites (HWD) အတွက် ရက်ပေါင်း 120 ကြာပြီးသည့်နောက်

ငွေပေးချေမှု မပြုသည့်အတွက်ကြောင့် သင်၏ အမှုမှာ ပိတ်သိမ်းခံရခဲ့လျှင် တစ်နှစ်တာအထိ သို့မဟုတ် ကြွေးကျန်သော ပမာဏအား အပြည့်အဝ ပေးချေပြီးချိန်အထိ ငွေစာရင်းရှင်းတမ်းများအား သင် လက်ခံရရှိမည် ဖြစ်သည်။

## အကယ်၍ ကျွန်ုပ်၏ကလေးထံ၌ CHIP ရရှိထားပြီး၊ ကျွန်ုပ်၏ ဝင်ငွေသည် ကျဆင်းသွားခဲ့လျှင် ကျွန်ုပ် မည်သို့ ဆောင်ရွက်ရမည်နည်း။

အကယ်၍ သင်၏ ဝင်ငွေ ပြောင်းလဲသွားခဲ့ပြီး၊ သင်၏ကလေးသည် အခမဲ့ Apple Health for Kids အတွက် အရည်အချင်းပြည့်မီသည်ဟု သင် ယုံကြည်လျှင် **Washington Healthplanfinder** ၌ ဤအပြောင်းအလဲအား သင် အစီရင်ခံတင်ပြနိုင်ပါသည်။
Apple Health for Kids with Premiums (ပရီမီယံကြေးများနှင့်အတူ ကလေးများအတွက် Apple Health)နှင့်ပတ်သက်၍ နောက်ထပ်သော အချက်အလက်များ သိရှိလိုပါက **hca.wa.gov/apple-health-children** သို့ ဝင်ရောက်ကြည့်ရှုပါ။

## အကယ်၍ ကျွန်ုပ်၌ HWD အကျုံးဝင်လွှမ်းခြုံမှု ရှိထားပြီး၊ ကျွန်ုပ် အလုပ်လုပ်ခြင်းမှ ရပ်နားခဲ့လျှင် ကျွန်ုပ် မည်သို့ ဖြစ်လာမည်နည်း။

အကယ်၍ သင့်တွင် HWD ရှိထားပြီး၊ သင်သည် အလုပ်မှ ရပ်နားခဲ့လျှင် တာဝန်ပေးအပ်ထားသော ဝန်ထမ်းထံ အမှာစကား ချန်ထားရစ်ဖို့ငှာ 1-800-871-9275 သို့ ခေါ်ဆိုပါ။ ၎င်းတို့သည် သင့်ထံသို့ တိုက်ရိုက်ဆက်သွယ်မည် ဖြစ်ပြီး၊ ၎င်းတို့၏ တိုက်ရိုက် အမှာစကားပေးပို့သည့်လိုင်းအား နေ့စဉ် စစ်ဆေးကြည့်ရှုပါသည်။ HWD အကျုံးဝင်လွှမ်းခြုံမှုနှင့် ပတ်သက်၍ နောက်ထပ်သော အချက်အလက်များ သိရှိလိုပါက **hca.wa.gov/hwd** သို့ ဝင်ရောက်ကြည့်ရှုပါ။

## ကျွန်ုပ်သည် ပရီမီယံကြေးများ ပေးချေရန်အတွက် တာဝန်မရှိတော့ပေ။ သို့ပါက ကျွန်ုပ်၏ SAW အကောင့်အား တစ်စုံတစ်ရာ ဆောင်ရွက်ဖို့ လိုအပ်ပါမည်လား။

သင်သည် ပရီမီယံကြေးများ ဆက်လက် ပေးချေဖို့ မလိုအပ်တော့လျှင် သင့်ထံသို့ ငွေတောင်းခံလွှာပေးပို့ခြင်းအား သင် ရပ်တန့်ရမည် ဖြစ်သည်။ အကယ်၍ သင်သည် အလိုအလျောက် ငွေပေးချေမှုများအား စီစဉ်ထားခဲ့လျှင် သင်၏ SAW အကောင့် နှင့်/သို့မဟုတ် သင်၏ဘဏ်ဖြင့် ၎င်းတို့အား ဖျက်သိမ်းဖို့ သတိရပါ။

## ကျွန်ုပ်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှုအား အသုံးပြုရန်အတွက် ကျွန်ုပ်၏ ပထမဆုံးသော ပရီမီယံကြေး ငွေတောင်းခံလွှာပေးပို့မှုအား ကျွန်ုပ် လက်ခံရရှိချိန်အထိ စောင့်ဆိုင်းဖို့ လိုအပ်ပါသလား။

မလိုအပ်ပါ။ သင်၏ အကျုံးဝင်လွှမ်းခြုံမှုအား စတင် အသုံးပြုရန်အတွက် ပရီမီယံကြေး ငွေတောင်းခံလွှာအား လက်ခံရရှိချိန်အထိ သင် စောင့်ဆိုင်းဖို့ မလိုအပ်ပါ။

## နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် မည်သည့်နေရာသို့ ကျွန်ုပ် သွားရောက်နိုင်မည်နည်း။

Apple Health ပရီမီယံကြေး ပေးချေမှုများနှင့်ပတ်သက်၍ နောက်ထပ်သော အချက်အလက်များ ရယူလိုပါက **hca.wa.gov/pay-ah-premium** သို့ ဝင်ရောက်ကြည့်ရှုပါ။